## ♥ ဆွေစဉ်မျိုးဆက် ♥

ကယ်လီဖိုးနီးယားစိတ်ကျန်းမာရေးဆေးရုံတွင် ဆရာဝန်က လူနာများကို လှည့်လည်ကြည့်ရှုရင်း လူနာတစ်ဦးကို မေးခွန်းထုတ်လိုက်သည်။

'ဖျားနေတာ သက်သာရဲ့လားဗျ၊ ခင်ဗျားကို ဒီရောက်အောင် ဘယ်သူပို့ပေးတာလဲ'

လူနာသည် ဆရာဝန်အား အောက်ပါအတိုင်း ရှင်းပြလေသည်။

'ဟုတ်ကဲ့၊ ကျွန်တော် လက်ထပ်လိုက်ပါတယ် ဒေါက်တာ။ ကျွန်တော့်ဇနီးက ကလေးအမေ မုဆိုးမပါ။ သူ့မှာ သမီးတစ်ယောက်ပါလာတယ်။ အဲဒီသမီးက ကျွန်တော့် မယားပါသမီးပေါ့။

ကျွန်တော်တို့ မင်္ဂလာဆောင်လည်းရောက်ရော မင်္ဂလာဆောင်ကိုလာတဲ့ ကျွန်တော့်အဖေက ကျွန်တော့် မယားပါသမီးကို တွေ့သွားတယ်။ မကြာပါဘူးဗျာ၊ အဖေက ကျွန်တော့်မယားပါသမီးကို လက်ထပ်လိုက်တယ်။

ဒေါက်တာ စဉ်းစားကြည့်လေ။ သူက ချက်ချင်း ကျွန်တော့် မိထွေးဖြစ်သွားရော။



ဒါတင်မကသေးဘူးဗျ။ ကျွန်တော့်ဇနီးမှာ သားတစ်ယောက်ပါလာသေးတယ်။ သူက ကျွန်တော့်မယားပါသမီး . . .အဲ . . .ကျွန်တော့်မိထွေးရဲ့မအေတူ ဖအေကွဲမောင်ပေါ့။

ကျွန်တော်ပြောမယ် ဒေါက်တာ... ကျွန်တော့် မယားပါသမီးကို အဖေက လက်ထပ်တော့ သူက ချက်ချင်းမိထွေးဖြစ်သွားတယ်။ ကျွန်တော့်မှာ သား တစ်ယောက်လည်း ရရော၊ ကျွန်တော့်သားက ကျွန်တော့်မိထွေးရဲ့မောင်... ကျွန်တော့် ဦးလေး ဖြစ်သွား တယ်။

ဒေါက်တာ့ကို ကျွန်တော်ရှင်းအောင်ပြောမယ်နော်။ ကျွန်တော့်မိန်းမက ကျွန်တော့်မိထွေးရဲ့အမေ ဆိုတော့ ကျွန်တော့်အဘွား ဖြစ်သွားတာပေါ့။

ဒီတော့ ဒေါက်တာ သိထားဖို့က ကျွန်တော်က ကျွန်တော့်ဇနီးရဲ့မြေးပေါ့ဗျာ၊ ဒါဆို ကျွန်တော့်ကို ဘယ်သူ ဆေးရုံပို့တယ်ဆိုတာ ရှင်းပြီပေါ့'

သူ၏ ဆွေစဉ်မျိုးဆက်ဇယားကို နားထောင်အပြီး ဆရာဝန်ခမျာ မူးနောက်သောမျက်နှာဖြင့်...

'အင်း . . . ဟုတ်ပြီ။ ဒါဆို ခင်ဗျားဆေးရုံက ဆင်းတော့' ဟု ပြောလိုက်လေသတည်း။